
# ထိုင်း-မြန်မာနယ်စပ်တလျှောက် ယာယီခိုလှုံရာစခန်းကိုးခုအတွက် ကိုဗစ်-၁၉ အသက်ရှုလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါဖြစ်ပွားမှုကိုတုံ့ပြန်သော လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့

## လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့

၁။ နိုင်ငံတော်အဆင့်

၂။ ပြည်နယ်အဆင့်




**0** ရောဂါဖြစ်ပွားမှု အစီရင်ခံတင်ပြခြင်း

စခန်းများဆီသို့ လိုအပ်သော ဝန်ဆောင်မှုများ ဖြန့်ဝေခြင်း

| | |
|---|---|
| စိုးရိမ်ပူပန်မှုနှိုးနှောဖလှယ်ခြင်း | ✓ လိုအပ်လျှင်လိုအပ်သလို |
| ရောဂါစီမံခန့်ခွဲခြင်း | ✓ |
| စောင့်ကြည့်လေ့လာခြင်း၊စုံစမ်းစစ်ဆေးခြင်းနှင့် ဖြစ်ပွားမှုကို မြန်မြန်ဆန်ဆန်တုံ့ပြန်မှုပေးခြင်း | ✓ |
| ကူးစက်ရောဂါတားဆီးကာကွယ်ခြင်းနှင့်ထိန်းချုပ်ခြင်း (IPC) | ✓ |
| စားနပ်ရိက္ခာ | ✓ |
| ကာကွယ်စောင့်ရှောက်ခြင်းနှင့် ထောက်ခံအားပေးခြင်း | ✓ လိုအပ်လျှင်လိုအပ်သလို |

## လူဦးရေဖော်ပြချက်ဇယား

*၂၀၂၀ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ UNHCR ၏ လူဦးရေဖော်ပြချက်ဇယား

**လူဦးရေစုစုပေါင်း ၉၃,၄၁၂ ဦး**

| | အသက် ၅ နှစ်အောက် | ၅-၁၇ နှစ် | ၁၈-၅၉ နှစ် | ၆၀ နှစ် +အထက် | မ | ကျား |
|---|---|---|---|---|---|---|
| ဘန်းဒွန်ယမ်း | 10% | 31% | 52% | 7% | 51% | 49% |
| ဘန်းမယ်စူရင်း | 9% | 34% | 52% | 6% | 50% | 50% |
| မယ်လ | 7% | 32% | 55% | 7% | 51% | 49% |
| မယ်လအူး | 12% | 32% | 50% | 6% | 50% | 50% |
| မယ်ရာမလွမ် | 10% | 32% | 51% | 6% | 50% | 50% |
| မယ်နှိုင်းစွယ် | 8% | 30% | 54% | 8% | 49% | 51% |
| နိုဖိုး | 8% | 30% | 56% | 6% | 51% | 49% |
| ထမ်းဟင် | 8% | 34% | 52% | 6% | 52% | 48% |
| အုန်းဖြန် | 6% | 30% | 57% | 7% | 50% | 50% |

## ရန်ပုံငွေအခြေအနေ(USD)

*ဤရန်ပုံငွေလိုအပ်ချက်များသည်လက်ရှိသုံးစွဲနိုင်သည့်လိုအပ်ချက်များအပေါ် အခြေခံ၍ ၆ လ အတွက်သာဖြစ်သည်

စုစုပေါင်း 4,690,530

ကွာဟချက် 1,081,896 23%

ငွေကြေးအထောက်အပံ့ 3,608,634 77%

| | ငွေကြေးအထောက်အပံ့ | ကွာဟချက် | စုစုပေါင်း |
|---|---|---|---|
| စိုးရိမ်ပူပန်မှုနှိုးနှောဖလှယ်ခြင်း | 61% | 39% | 1,200,000 |
| အမှုစီမံခန့်ခွဲခြင်း | 72% | 28% | 849,060 |
| စောင့်ကြည့်လေ့လာခြင်း၊စုံစမ်းစစ်ဆေးခြင်းနှင့် ဖြစ်ပွားမှုကို မြန်မြန်ဆန်ဆန်တုံ့ပြန်မှုပေးခြင်း | 100% | | 270,770 |
| ရောဂါတားဆီးကာကွယ်ခြင်းနှင့်ထိန်းချုပ်ခြင်း IPC) | 83% | 17% | 560,700 |
| စားနပ်ရိက္ခာ | 93% | 7% | 1,608,000 |
| ကာကွယ်စောင့်ရှောက်ခြင်းနှင့် ထောက်ခံအားပေးခြင်း | 20% | 80% | 202,000 |

ADRA · CDC · IOM · Malteser International · International Rescue Committee · The Border Consortium · UNHCR · World Health Organization

# ထိုင်း-မြန်မာနယ်စပ်တလျှောက် ယာယီခိုလှုံရာစခန်းကိုးခုအတွက် ကိုဗစ်-၁၉ အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါဖြစ်ပွားမှုကိုတုံ့ပြန်သော လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့

## စိုးရိမ်ပူပန်မှုနှီးနှောဖလှယ်ခြင်း

ADRA (ACTED, COERR, JRS, HI, IRC, SCI, FilmAid, MI, UNHCR, TBC)*

အဓိကအကြောင်းအရာ လူမှုရေးအကွာအဝေးကန့်သတ်ချက်ထားရှိခြင်းများအရ ဒုက္ခသည်များထံ အချိန်မီဆက်သွယ်ရောက်ရှိနိုင်ခြင်း၊ ဖုန်းနှင့်အင်တာနက် အကန့်အသတ်ရှိခြင်း၊ လူမှုရေးအကွာအဝေးနှင့်လှုပ်ရှား သွားလာမှု ကန့်သတ်ချက်များအပေါ် နိုးနိုးကြားကြားရှိခြင်း

•ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးနှင့်တုံ့ပြန်ရေးဆိုင်ရာသတင်းစကားများကို ကရင်၊မြန်မာနှစ်ဘာသာဖြင့် ဒုက္ခသည်များထံ ဆက်လက်ဝေမျှပေးခြင်း၊ ကာကွယ်စောင့်ရှောက်မှုအထူးလိုအပ်နေသူများအပါအဝင် အုပ်စုငယ် ၇၀၀၀ ကျော်နှင့် ဆွေးနွေးမှုများပြုလုပ်ခြင်း၊ နံရံကပ်ပိုစတာများ၊ လက်ကမ်းစာစောင်များ၊ ပီအေစနစ်ဖြင့်ကြေငြာချက်များထုတ်ပြန်ခြင်း၊ ဗွီဒီယိုများနှင့် ဝက်ဆိုက်လင့်များ ဝေမျှပေးခြင်း စသည်တို့ ပါဝင်သည်။ အပတ်စဉ်မီဒီယာစောင့်ကြည့်လေ့လာရေးအစီရင်ခံစာကို ဆက်သွယ်ရေးဆိုင်ရာကွန်ယက်များတစ်လျှောက် ချိတ်ဆက်ဆက်သွယ်ခဲ့ပြီး စခန်းများရှိ စခန်းကော်မတီများနှင့် သတင်း စင်တာများထံသို့ ဝေမျှပေးခဲ့ခြင်း

•သင်တန်းလမ်းညွှန်နှင့်အတူ ကာကွယ်ရေးအဖွဲ့မှထုတ်ဝေထားသည့် နေအိမ်အလည်အပတ်ပြုခြင်းဆိုင်ရာကျင့်ဝတ်များပါဝင်သော သင်တန်းကို စခန်းကိုးခုလုံးရှိ RCCE လူထုပါဝင်ဆောင်ရွက်ရေးလုပ်သား ၂၀၀ ကျော်အား သင်တန်းပို့ချပေးခဲ့ခြင်း

•စိတ်ဖိစီးမှုစီမံခန့်ခွဲခြင်းနှင့်ကိုယ်စိတ်နှစ်ဖြာကောင်းစွာနေထိုင်နိုင်ရေးဆိုင်ရာလမ်းညွှန်ချက်ကို ကျန်းမာရေးကော်မတီခွဲနှင့်လူမှုစိတ်ပိုင်းဆိုင်ရာလုပ်ဆောင်မှုအဖွဲ့တို့၏ပူးပေါင်းဆောင်ရွက်မှုဖြင့် အပြီးသတ်နိုင်ခဲ့ခြင်း

•ပြည်တွင်းစီးပွားရေးလုပ်ငန်းများထံမှတဆင့် အဝတ်နှာခေါင်းစည်း ၉,၄၀၀၀ ခု ဝယ်ယူခဲ့ခြင်းအပါအဝင် ဒုက္ခသည်များနှင့် ဒေသခံအာဏာပိုင်များအား အဝတ်နှာခေါင်းစည်း အခု ၁၄၇,၀၀၀ ကျော် ဆက်လက်ဝေငှပေးနေသည်။ နှာခေါင်းစည်း အခု ၁၈,၀၀၀ ကျော်ကို ကျောင်းသား/သူများအား ဝေပေးခဲ့သည်။ အိမ်ထောင်စု ၁၆,၀၀၀ ကျော်နှင့် ဘော်ဒါဆောင်ကျောင်းသားများသည် တစ်ကိုယ်ရေ သန့်ရှင်းရေးပစ္စည်းများ လက်ခံရရှိခဲ့သည်။ စခန်း ၉ ခုလုံးအတွက် တစ်ကိုယ်ရေသန့်ရှင်းရေးပစ္စည်း ၁၆,၀၀၀ ဝယ်ယူရန် စတင်လုပ်ဆောင်နေပြီဖြစ်သည်။ တစ်ကိုယ်ရေသန့်ရှင်းရေးပစ္စည်းအကြောင်း လက်ကမ်းစာစောင်၊ အဝတ်နှာခေါင်းစည်းများ အသုံးပြုခြင်းဆိုင်ရာ လမ်းညွှန်ချက်နှင့် အခြားသောအဓိကကျသည့်သတင်းအချက်အလက်ပစ္စည်းများကို ပစ္စည်းနှင့် နှာခေါင်းစည်းဝေငှရာတွင် တစ်ပေါင်းတည်းထားရှိရန်အတွက် မွမ်းမံလုပ်ဆောင်ခဲ့သည်။ စခန်း ၉ ခုတစ်လျှောက်ရှိ ကိုယ့်ကိုကိုယ်ကာကွယ်နိုင်စွမ်း အလွန်အမင်းနည်းပါးသူ ၅၀၀၀ ကျော်ကို ဆပ်ပြာတုံး ၁၃,၀၀၀ ကျော် ဝေပေးခဲ့ခြင်း

•အသံချဲ့စက်ဖြင့်ကြေငြာရာတွင် PSEA နှင့် SGBV ဆိုင်ရာ သတင်းစကားများ ထည့်သွင်းထားရှိခဲ့ခြင်း

•IEC ဆိုင်ရာ သတင်းအမှာစကားစုစည်းခြင်းကို စခန်း ၉ ခုရှိ စခန်းကော်မတီများနှင့်စခန်းခေါင်းဆောင်များက လက်ခံရရှိခဲ့ခြင်း

•မိဘများ၊ ကျောင်းသားများနှင့် ပိုမိုကျယ်ပြန့်သောစခန်းလူဦးရေအတွက် ပညာရေးဆိုင်ရာသတင်းစကားကို အပြီးသတ်နိုင်ခဲ့ခြင်း၊ ရုပ်ပြစာအုပ်နှင့် ကလေးသူငယ်အကျွမ်းတဝင်သုံးပစ္စည်းများကို ဆက်လက်မွမ်းမံနေခြင်း

•အဓိကအမှာစကားများပါဝင်သည့် ရောင်စုံစာအုပ် ၇,၈၅၇ အုပ်ကို စခန်း ၉ ခု တစ်လျှောက်ရှိ အသက် ၅ နှစ် မှ ၁၁ နှစ်အထိရှိသော ကလေးသူငယ်များထံ ဝေငှပေးခဲ့ခြင်း၊ ဩဂုတ်လကုန်သည်အထိ ကလေးသူငယ် ၁၃,၀၀၀ ကျော် ဝေငှပေးနိုင်ရန် ဦးတည်ပစ်မှတ်ထားခြင်း

•နှစ်ပတ်တစ်ခါ တုံ့ပြန်ချက်နှင့်တိုင်ကြားချက်များဆိုင်ရာနည်းလမ်း လုပ်ဆောင်မှု တိုးတက်လာခဲ့ပြီး လူ ၉,၀၀၀ ကျော်အား အကြံပြုဆွေးနွေးခဲ့ခြင်းနှင့်အတူ စခန်းများရှိ လက်ရှိ လှုပ်ရှားဆောင်ရွက်မှုများတွင် ထည့်သွင်းခဲ့ခြင်း၊ အသိပညာ၊ သဘောထားနှင့် လက်တွေ့လုပ်ဆောင်မှု စစ်တမ်းကောက်ယူခြင်းကို ဆက်လက်ဆောင်ရွက်လျှက်ရှိပြီး စခန်း ၇ ခုတွင် ပြီးစီးခဲ့ပြီးဖြစ်သည်။ ဖြန့်ဖြူးပြီးနောက်စောင့်ကြည့်ခြင်းများကို အပြီးသတ်ဆောင်ရွက်နေခြင်း

•တတိယနိုင်ငံသို့ထွက်ခွာသွားသည့် ဒုက္ခသည်များအား ကိုဗစ်-၁၉ ဆိုင်ရာလက်ကမ်းစာစောင်များနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပစ္စည်းများ ပေးခဲ့ခြင်း

•အဝတ်နှာခေါင်းစည်းအသုံးပြုမှုပုံစံအရေးကြီးမှုနှင့် အားပေးထောက်ခံမှုများနှင့်စပ်လျဉ်း၍ စခန်းကော်မတီနှင့် တိုင်ပင်ဆွေးနွေးမှုများ စီစဉ်ချထားခဲ့ခြင်း

## လူနာကိစ္စစီမံခန့်ခွဲခြင်း

IRC (MI, CDC)*

အဓိကအကြောင်းအရာ - လက်ရှိဆောင်ရွက်မှုစွမ်းရည် မနိုင်မနင်းဖြစ်လာပါက လုပ်ဆောင်စွမ်းရည်ကို မြှင့်တင်ကူညီပေးရန်အတွက် လိုအပ်သောကိရိယာများနှင့်ဝန်ထမ်းများ ထားရှိခြင်း။ ရောဂါအတည်ပြုပြီးသောလူနာများကို စခန်းများအတွင်း စီမံခန့်ခွဲပါက ဆေးဝါးအချို့ကို အကန့် အသတ်ဖြင့်သာ သုံးစွဲနိုင်ခြင်း

•သီးခြားထားရှိခြင်းနှင့်ကုသရေးအဆောက်အဦးများအားလုံး ဆောက်လုပ်ခဲ့ပြီဖြစ်ပြီး ကူးစက်ရောဂါဖြစ်ပွားလာပါက စတင်လုပ်ဆောင်ရန်အတွက် အဆင်သင့်ဖြစ်နေခြင်း

•ဆေးဘက်ဆိုင်ရာအသုံးအဆောင်ပစ္စည်းများ ခွဲခြားသတ်မှတ်ခဲ့ပြီး စခန်းများထဲတွင် ရောဂါဖြစ်ပွားလာပါ စတင်လုပ်ဆောင်မှုများ အပြီးသတ်လျှင်လျှင်မြန်မြန်ဆောင်ရွက်နိုင်ရန်အတွက် စီစဉ်ထားခြင်း

•ယခုအခါ မယ်ဟောင်ဆောင်စခန်းလေးခုအားလုံးအတွက် ပစ္စည်းအပြည့်အဝတပ်ဆင်ထားပြီဖြစ်ပြီး သံသယရှိလူနာများ၏ နမူနာများကို ယူရန်နှင့် Shoklo Malaria ငှက်ဖျားသုတေသနဌာနသို့ (SMRU) လုံလုံခြုံခြုံပို့ဆောင်ရန် အသင့်ဖြစ်နေခြင်း

•ဒုက္ခသည်စခန်းအခြေအနေနှင့် ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနမှလိုအပ်ချက်များနှင့်အညီ အမှုစီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်း၍ ကမ္ဘာလုံးဆိုင်ရာလမ်းညွှန်ချက်များကို ယခုအခါ လိုက်ဖက်အောင်ပြင်ဆင်ညှိနှိုင်းနေခြင်း

•ဆေးဝါးနှင့်ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ဝယ်ယူနေခြင်း

## စောင့်ကြည့်ခြင်း၊ လူနာကိစ္စစုံစမ်းစစ်ဆေးခြင်းနှင့် ဖြစ်ပွားမှုကို မြန်ဆန်စွာတုံ့ပြန်မှုပေးခြင်း

IRC (MI, CDC, WHO, MOPH, MOI)*

အဓိကအကြောင်းအရာ - ထိုင်းနိုင်ငံတွင် ကန့်သတ်မှုများ ဖြေလျှော့ပေးခြင်းနှင့် သာမန်နေထိုင်မှုပုံစံသစ်ဆီသို့ ကူးပြောင်းလာသောကြောင့်စောင့်ကြည့်မှုပိုမိုတိုးမြှင့်ထားမှုကို ထိန်းသိမ်းထားခြင်း

• ထိုင်းနိုင်ငံရှိ နေရပ်စွန့်ခွာလာသူများအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးခြင်း၊ စောင့်ကြည့်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် လျှော့ချခြင်းဆိုင်ရာလမ်းညွှန်ချက်များကို အပြီးသတ်နိုင်ခဲ့ပြီး ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုခဲ့ကာ ထိုင်းဘာသာဖြင့် ပြန်ဆိုထားပြန်ဆိုထားပြီး ဒုက္ခသည်များအား လက်ခံထားသည့်ပြည်နယ် ၄ ခုရှိ ပြည်သူ့ကျန်းမာရေးအရာရှိများအား ဝေမျှပေးခဲ့ခြင်း

• တုတ်ကွေးကဲ့သို့ ဖျားနာခြင်းနှင့်အသက်ရှူလမ်းကြောင်းပိုးဝင်ခြင်းရှိသည့်လူနာများအား အဆင့်မြင့်မြင့်စောင့်ကြည့်စစ်ဆေးခြင်းကို တော်ဝင်ထိုင်းအစိုးရက အပြည့်အဝ အတည်ပြုပေးခဲ့ပြီး ယခုအခါ နမူနာများကို ခါတ်ခွဲစမ်းသပ်ရန်အတွက် SMRU ထံသို့ ပို့ဆောင်ပေးခဲ့ခြင်း

• ကျန်းမာရေးဆိုင်ရာအဆောက်အဦးအားလုံးနှင့်ရပ်ရွာအဆင့်စောင့်ကြည့်စစ်ဆေးမှုစနစ်များထားရှိပြီး လည်ပတ်ဆောင်ရွက်နေခြင်း

• စခန်းအဝင်ဂိတ်များ၌ ပုံမှန်စစ်ဆေးစမ်းသပ်မှုများ ပြုလုပ်နေသည့် ထိုင်းအာဏာပိုင်များကို ဆက်လက်ကူညီပံ့ပိုးပေးနေခြင်း

• COVID-19 ဖြစ်ပွားမှုများကိုထိရောက်စွာတုန့်ပြန်နိုင်ရန်အတွက် စွမ်းရည်ကိုသေချာစေရန် သရုပ်သကန်လေ့ကျင့်မှုများဆက်လက်လုပ်ဆောင်နေခြင်း

## ကူးစက်ရောဂါတားဆီးကာကွယ်ခြင်းနှင့်ထိန်းချုပ်ခြင်း (IPC)

IRC (MI, CDC)*

အဓိကအကြောင်းအရာ - ပုံမှန်နေထိုင်မှုပုံစံသစ်၏လာမည့်ကာလအတွင်း IPC ကျင့်ဝတ်များနှင့်အတူ ပြည်သူလူထု၏လိုက်နာမှုကို သေချာစေခြင်း

• စခန်း ၉ ခုလုံးရှိ စာသင်ကျောင်းများတွင် ထားရှိရန်အတွက် IPC ပစ္စည်းများ ၂ လ ထောက်ပံ့ခြင်း

• ကိုဗစ်-၁၉ ဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုစံနှုန်းများကို အစဉ်တစိုက်ပြန်လည်သုံးသပ်ပြီး ဆက်လက်လုပ်ဆောင်နေသည့် သင်တန်းအစီအစဉ်တွင် အပြောင်းအလဲများကိုပါ တပေါင်းထဲ ထည့်သွင်းခြင်း

• စခန်းအဝင်/အထွက်နေရာများရှိ လက်ဆေးခြင်းများဆက်လက်လုပ်ဆောင်နေခြင်းကို ပံ့ပိုးပေးရန်အတွက် ဆပ်ပြာနှင့်ရေ အထောက်အပံ့များ ပေးအပ်ခဲ့ခြင်း

• အများပြည်သူနေရာများတွင် လက်ဆေးသည့်နေရာများ ထားရှိခြင်း၊ လူသွားလူလာအများဆုံးနေရာများနှင့် စာသင်ကျောင်းများတွင် ဦးစားပေးထားရှိခဲ့ခြင်း

• ရပ်ရွာလူထုချိတ်ဆက်ဆောင်ရွက်ခြင်းအဖွဲ့မှ အိမ်ထောင်စုအဆင့်တွင် လက်သန့်ရှင်းရေးပစ္စည်းများ ပံ့ပိုးပေးခဲ့ခြင်း

• ဆေးရုံသုံးဝတ်စုံများနှင့် ခွဲစိတ်ကုသမှုဝတ်ရုံများအပါအဝင် မျက်နှာအကာများနှင့် ပြန်သုံးနိုင်သောတစ်ကိုယ်ရေကာကွယ်ရေးပစ္စည်းကိရိယာများကို ဆက်လက်ထုတ်လုပ်နေခြင်း။ ဒုတိယအကြိမ် ခွဲစိတ်ခန်းသုံးနှာခေါင်းစည်း ၁၄,၀၀၀ ခု ကို စတင် ဖြန့်ဝေပေးခြင်းနှင့်အတူ စခန်းကိုးခုလုံးတွင် ခွဲစိတ်ခန်းသုံးနှာခေါင်းစည်း ၁၅,၀၀၀ ခု လက်ခံရရှိခဲ့ခြင်း

## စားနပ်ရိက္ခာ

TBC

အဓိကအကြောင်းအရာ- ရေရှည်တွင် ထောက်ပံ့မှုများအပေါ်မှီခိုမှုနှင့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာလိုအပ်ချက်များ တိုးပွားလာခြင်း

• စားသောက်ကုန်ရောင်းချသူများ၊ ကုန်ပစ္စည်းပေးသွင်းသူများနှင့် သိုလှောင်ရုံများမှ ကိုဗစ်-၁၉ ဆိုင်ရာ ရောဂါကူးစက်မှုလျှော့ချရေး စီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

• စားသောက်ကုန်ရောင်းချသူများသည် ဆပ်ပြာ၊ အရက်ပြန်နှင့် အရောင်ချွတ်ဆေးများကို ဈေးဆိုင်များတွင် သန့်ရှင်းရန်အတွက် ထားရှိပေးခြင်း

• ဈေးဆိုင်များနှင့် သိုလှောင်ရုံများတွင် လက်ဆေးသည့်နေရာများ တပ်ဆင်ထားခြင်း၊ စားနပ်ရိက္ခာဝန်ဆောင်မှုဆိုင်များတွင် အဝတ်နှာခေါင်းစည်းများ မတပ်မနေရ တပ်ဆင်ရခြင်း

• သီးသန့်/သီးခြားထားသည့်အခြေအနေများအတွက် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာလုပ်ထုံးလုပ်နည်းစံနှုန်းကို အဟာရအဖွဲ့များ၊ ကျန်းမာရေးဝန်ထမ်းများ၊ စခန်းကော်မတီများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အဆင့်မြှင့်တင်နိုင်ခဲ့ခြင်း၊ စခန်းကိုးခုလုံးရှိ သီးခြား/သီးသန့်ထားသည့် နေရာများရှိ ကျန်းမာရေးအဖွဲ့ကို ကူညီသမှုပြုရန်အတွက် မီးဖိုချောင်တွင်လုပ်ကိုင်နေသည့်ဝန်ထမ်းအား သင်တန်းပို့ချပေးမှု အပြီးသတ်ပြီးစီးခဲ့ခြင်း

• ဒုက္ခသည်များမှ အခြေခံစားနပ်ရိက္ခာပစ္စည်းများနှင့် ချက်ပြုတ်လောင်စာများ ဆက်လက်ရရှိရေး သေချာမှုရှိစေရန်အတွက် နည်းဗျူဟာ အဆင့်မြှင့်တင်ခြင်း

• ကာကွယ်စောင့်ရှောက်မှုအထူးလိုအပ်သောအိမ်ထောင်စုများသည် ဝင်ငွေအခွင့်အလမ်းဆုံးရှုံးမှု သက်သာစေရန်အတွက် အနည်းဆုံးလေးလ (ဧပြီ မှ ဇူလိုင်လအထိ) စားနပ်ရိက္ခာလက်ခံရရှိမည်ဖြစ်သည်။

• စားနပ်ရိက္ခာလုံခြုံမှုနှင့်အသက်မွေးဝမ်းကျောင်းများအတွက် စစ်တမ်းကောက်ယူမည့်အစီအစဉ် စတင်ဆောင်ရွက်နေခြင်း

## ကာကွယ်စောင့်ရှောက်ခြင်းနှင့်ကိုယ်စားပြုအရေးဆိုခြင်း

UNHCR (CCSDPT agencies, KWO, KnWO, KRC, KnRC)*

အဓိကအကြောင်းအရာ ဒုက္ခသည်များကို နိုင်ငံတော်အဆင့်စောင့်ကြည့်ခြင်း၊ တုံ့ပြန်ခြင်း၊ စီမံကိန်းရေးဆွဲခြင်းနှင့်အဓိကကာကွယ်ခြင်းလုပ်ဆောင်မှုများတွင် ထည့်သွင်းခြင်းပါဝင်ရေးအတွက် ကိုယ်စားပြုအရေးဆိုခြင်း

•ကိုဗစ်-၁၉ ဆိုင်ရာနိုင်ငံတော်အဆင့် စောင့်ကြည့်ခြင်း၊ တုံ့ပြန်ခြင်းနှင့် အစီအစဉ်ချမှတ်ခြင်းလုပ်ဆောင်မှုများတွင် ဒုက္ခသည်များကို ထည့်သွင်း ပါဝင်စေရေးအတွက် ဆက်လက်ကိုယ်စားပြုအရေးဆိုခြင်း

•လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုအန္တရာယ်လျော့ပါးစေရေးအပါအဝင် အခြားသောဦးစီးဆောင်ရွက်သူများ၏လုပ်ဆောင်မှု၌ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာနည်းလမ်းများကို ပံ့ပိုးကူညီပေးခြင်း

•ကာကွယ်စောင့်ရှောက်မှုအထူးလိုအပ်သူများ၏အချက်အလက်များကို ပြန်လည်ကောက်ယူသုံးသပ်ခြင်းအပါအဝင် ကာကွယ်စောင့်ရှောက်မှုအလိုအပ်ဆုံးသူများအတွက် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာဝန်ဆောင်မှုများ ဆက်လက်ရရှိစေဖို့ သေချာစေရန်

•လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ရင်ဆိုင်ခံစားနေရသောသူများနှင့် အခြားသောအရေးကြီးသည့်စိုးရိမ်ဖွယ်ရာကာကွယ်စောင့်ရှောက်မှုလိုအပ်သည့် အမှုများအတွက် သတင်းပို့တိုင်ကြားနိုင်သည့်လမ်းကြောင်းများအပါအဝင် ပုံမှန်ထိရောက်မှုရှိသည့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ စောင့်ကြည့် လေ့လာခြင်းအား ဆက်လက်ဆောင်ရွက်မှုကို သေချာစေခြင်း၊ စခန်းများအားလုံးအတွက် SGBV လွှဲပြောင်းခြင်းဆိုင်ရာလမ်းကြောင်းများ မွမ်းမံခြင်းကို အပြီးသတ်နိုင်ခဲ့ပြီး အထောက်အပံ့ပစ္စည်းအချို့ကိုလည်း ပံ့ပိုးပေးခြင်း

•ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဝန်ဆောင်မှုများ ဆက်လက်ရရှိဖို့စေချာစေရန်အတွက် စခန်းအခြေပြုဝန်ထမ်းများနှင့် စခန်းအခြေပြုအဖွဲ့အစည်းများကို အဝေးရောက်အမှုစီမံခန့်ခွဲမှုအတွက် နည်းပညာဆိုင်ရာအကူအညီများ ပေးခြင်း

• သင်ကြားရေးပစ္စည်းကိရိယာများ၊ တစ်ကိုယ်ရေသန့်ရှင်းရေးအစုံများနှင့် မိဘများအတွက်လမ်းညွှန်မှုများအပါအဝင် ကိုဗစ်-၁၉ ဆိုင်ရာ ကလေးသူငယ်အကျွမ်းတဝင်အသုံးပြုနိုင်သည့်ပစ္စည်းများ မွမ်းမံခြင်းနှင့် ဖြန့်ဝေခြင်း

•စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၏လမ်းညွှန်ချက်များကို အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုခဲ့ခြင်း၊ ဘေးကင်းလုံခြုံမှုဆိုင်ရာလမ်းညွှန်များကို အပြီးသတ်နိုင်ခဲ့ခြင်း

•မွမ်းမံဆဲအောက်ရှိ 'သင်ကြားရေးဆီသို့ပြန်သွားခြင်း' အပါအဝင် စခန်းများရှိ စာသင်ကျောင်းများ ဘေးကင်းစွာပြန်လည်ဖွင့်လှစ်နိုင်ရေးကို ပံ့ပိုးကူညီပေးရန်အတွက် နည်းဗျူဟာ။ ၆ ပတ်စာ ကြိုတင်ပြင်ဆင်မှုအစီအစဉ်တကျ ထားရှိခြင်း

•ပြည်နယ်အဆင့်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအန္တရာယ်လေ့လာဆန်းစစ်မှုများ မွမ်းမံဆောင်ရွက်နေခြင်း

*ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်ခြင်းအတွက် ဦးဆောင်ဦးရွက်ပြုပူးပေါင်းပါဝင်ကြသောအဖွဲ့အစည်းများကို ကိုယ်စားပြုသည်